

(ယခင်အပတ်မှအဆက်)

# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲရေး

**မင်းဇထူး**

## အများပြည်သူ နဲ့ ဆိုင်သော အပိုင်း၌ စွမ်းရည်ရှိခြင်း

အစိုးရတစ်ရပ် အပေါ်ယုံကြည်စိတ်ချရမှု တိုးပွားလာစေရန်အတွက် အများပြည်သူနဲ့ဆိုင်တဲ့ အပိုင်းမှာ ပြည်သူလူထုရဲ့အခွင့်အရေးကို ကာကွယ်ပေးဖို့ ၊ အခွန်ငွေနဲ့ အခြားအရင်းအမြစ်တွေကို အရည်အချင်း ရှိရှိ အသုံးပြုဖို့နဲ့ အခြေခံလူမှုရေးဝန်ဆောင်မှုများ မျှဝေခံစားရရှိနိုင်ဖို့တို့လိုအပ်ပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ် အနည်းငယ်အတွင်းက အများပြည်သူဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်ဟာ အာရှတိုက်မှ စီးပွားရေးဖွံ့ဖြိုးဆဲ နိုင်ငံတွေအတွက် အရေးကြီးဆုံး စိန်ခေါ်မှု တစ်ရပ်ဖြစ်ခဲ့ပါတယ်။ ကမ္ဘာ လွှမ်းခြုံဖြစ်ပေါ်မှု၊ သတင်း အချက်အလက် နည်းပညာအသစ်များ ပေါ်ထွန်းလာမှု ၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်ရေး ကျယ်ပြန့်လာမှု၊ လူ့အခွင့်အရေး နဲ့ သဘာဝ ပတ်ဝန်းကျင်ရေးရာစတဲ့ အများ ကောင်းကျိုးလုပ်ငန်းတွေ အပေါ်အာရုံစူးစိုက်တဲ့ လုပ်ငန်းတွေ တိုးတက်လာမှု ၊ ကမ္ဘာလုံးဆိုင်ရာအဖွဲ့ အစည်းကြီးများဟာ နိုင်ငံအဆင့် ဖွံ့ဖြိုးတိုးတက်ရေးမှာ ထဲထဲဝင်ဝင် ပါဝင်လာမှုတို့ကြောင့် အများ ပြည်သူဆိုင်ရာအပိုင်းဟာ ပိုပြီးကြီးမားတဲ့ဖိအားများရဲ့ ဒဏ်ကိုခံနိုင်ဖို့အတွက် ပိုပြီး စွမ်းရည် မြင့်မားဖို့လိုအပ်ပါတယ်။ အများပြည်သူဆိုင်ရာအပိုင်းဟာ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုမှ အခွင့်အရေးတွေကို အကျိုးအရှိဆုံး အသုံးချနိုင်ရမည် ဖြစ်သလို ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုမှပင် စတင်ပေါ်ပေါက် လာမည့် ဆိုးကျိုးတွေကိုလည်း မိမိတို့ လူ့အဖွဲ့အစည်း အတွင်းကို မဝင်ရောက်နိုင်အောင် လုံခြုံရေး ကွန်ယက်ချ ထားနိုင်ရပါမယ်။

လူထုရဲ့အသံ လူထုရဲ့တောင်းဆိုမှုတွေဟာ ပိုမိုထိရောက်မှုရှိစေပြီး လူထုအဖွဲ့အစည်း အသိုက် အဝန်းဟာဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနဲ့ အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အဆင့်တိုင်း မှာ တက်ကြွစွာပါဝင် ခွင့်ရရှိစေသင့်ပါတယ်။ ဒီနည်းနဲ့

အစိုးရအပေါ် ယုံကြည်စိတ်ချရမှုပို ရရှိစေ ပါတယ် ။ စစ်ဆေးခြင်းနဲ့ ထိန်းကျောင်းခြင်း စနစ်ကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ် အနည်းငယ်မှစတင်ပြီး နိုင်ငံများစွာဟာ မူဝါဒနဲ့ လုပ်ငန်းစဉ်တွေကို လက်အောက် သို့ အာဏာခွဲဝေပေးခဲ့ကြတာကိုတွေ့ရပါတယ် ။ဘဏ္ဍာရေး အခွင့်အာဏာတွေကိုလည်း ဗဟိုမှဒေသဆိုင်ရာသို့ လွှဲပြောင်းပေးခဲ့ကြပါတယ် ။ ဆိုဗီယက် ပြည်ထောင်စုကြီးပြိုကွဲပြီး နောက်ပိုင်းမှာ

၂

လူမျိုးစု ပဋိပက္ခ တိုးပွားလာခြင်း၊ ယဉ်ကျေးမှု ၊ဘာသာရေး ၊ဒေသ ထုံးတမ်းစဉ်လာတွေကို အသိအမှတ်ပြု ပေးဖို့ တောင်းဆိုမှု ကြီးထွားလာခြင်း၊ အစိုးရမဟုတ်တဲ့ အဖွဲ့ အစည်းများရဲ့ လှုပ်ရှား ဆောင်ရွက်မှုတွေ တိုးတက်လာခြင်းတို့ကို သတိပြုသင့်ပါတယ် ။ တစ်ချိန်တည်းမှာပဲ ဒေသန္တရ မူဝါဒ ရေးရာ လုပ်ငန်းစဉ်တွေ အပေါ်ပိုမို ထိန်းချုပ်ခွင့် ၊ ထင်သာမြင်သာပိုရှိဖို့ ၊ ဝန်ဆောင်မှုများပို ရရှိဖို့နဲ့ မူဝါဒရေးရာ ဆုံးဖြတ်ရာမှာ ပိုမိုပွင့်လင်းဖို့ တောင်းဆိုမှုများလည်း ရှိလာတာကို တွေ့ရပါတယ် ။

လက်အောက်ကို အာဏာဖြန့်ခွဲပေးခြင်းရဲ့ ရလာဒ်တွေဟာ အကောင်းအဆိုး ရောထွေးဖြစ်ပေါ် လာနိုင်တယ်လို့ဆိုရပါမယ်။ လက်အောက်သို့ အာဏာဖြန့်ခွဲပေးရေး မူဝါဒကို လက်မခံသူတွေကတော့ ဒေသန္တရအစိုးရများဟာလူ့ မလိုင်အလွှာဖန်တီးခြင်း၊ငွေရေးကြေးရေးနဲ့ စီမံအုပ်ချုပ်မှု စွမ်းရည်အားနည်း မှုကြောင့် ပြဿနာများပေါ်လာခြင်း ၊ ဒေသအလိုက် စီးပွားရေးနဲ့ လူမှုရေးကွာဟချက် ကြီးမားလာခြင်း၊ ဒေသများတွင် အကျင့်ပျက်ခြစားမှု ကြီးထွားလာခြင်း နဲ့ ဆွေမျိုး ကောင်းစားရေး ဝါဒဖြစ်ထွန်း လာခြင်း တို့ကို ထောက်ပြကြပါတယ် ။

ဒါ့ကြောင့် လက်အောက်ကို အာဏာဖြန့်ခွဲပေးခြင်း နည်းလမ်းဟာ အစိုးရကို ယုံကြည် စိတ်ချရမှု တိုးပွားဖို့ သို့မဟုတ် တွန့်ဆုတ်ဖို့ ဖြစ်စေနိုင်တယ်ဆိုတာကို သတိထားရပါမယ် ။ အထူးသဖြင့် ဖြန့်ခွဲ ပေးထားတဲ့ အုပ်ချုပ်ရေးအတွက် ဥပဒေမူဘောင်၊ ဗဟို နဲ့ ဒေသန္တရ

အစိုးရများ အကြား လုပ်ပိုင်ခွင့် နဲ့ အရင်းအမြစ်များ ခွဲဝေပေးခြင်းလုပ်ငန်း ၊ ဒေသန္တရအစိုးရ နဲ့ အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းတွေ အကြား ဆက်ဆံရေးတို့ဟာ ပိုပြီး အရေးကြီးပါတယ် ။

## ရွေးကောက်ပွဲနှင့် လွှတ်တော်လုပ်ငန်းစဉ်များတွင်ပါဝင်မှု

လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲ ၊ အုပ်ချုပ်ရေးပိုင်းနဲ့လွှတ်တော်ရဲ့လုပ်ငန်းများ၊ သတင်း လွတ်လပ်ခွင့်တို့ဟာ ပြည်သူလူထု နဲ့ အစိုးရအကြား ယုံကြည်စိတ်ချရမှု တိုးပွားစေဖို့ လိုအပ်တဲ့အခြေ အနေများဖြစ်ပါတယ် ။ အမျိုးသားအဆင့် နဲ့ ဒေသန္တရအဆင့် နိုင်ငံရေးပါတီတွေက လူနည်းစု ကိုယ်စား လှယ်များ နဲ့ စီးပွားရေးနိမ့်ကျတဲ့ဒေသများမှ ကိုယ်စားလှယ်များ လုံလုံလောက်လောက် ပါဝင်လာ ခြင်းဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်ရဲ့ မျှတမှုကိုဖော်ပြရာ ရောက်စေပါတယ် ။ လွှတ်တော်ကိုယ်စားလှယ်
တွေရဲ့အကြား တက်ကြွစွာ အမြင်ဖလှယ်ခြင်း၊ တင်ပြဆွေးနွေးကြခြင်းတွေဟာ နိုင်ငံရေးရာနဲ့ ပတ်သက် လို့ တရားဝင် အခွင့်အာဏာရှိမှုကို မြှင့်တင်ပေးရာရောက်ပြီး အစိုးရအပေါ်မှာလည်း ယုံကြည် စိတ်ချရမှု ကို ပိုမိုရရှိစေပါတယ် ။ အုပ်ချုပ်ရေးအပိုင်းနဲ့ ဥပဒေပြုမှုအပိုင်း မှာ အဆင်ပြေချောမွေ့စွာအလုပ်လုပ်တဲ့ ဆက်ဆံရေး အခြေအနေ ရှိနေခြင်းဟာ အစိုးရအပေါ်ကို ယုံကြည်မှု တိုးတက်စေပါတယ်။ အာရှပစိဖိတ်



ဒေသဖွံ့ဖြိုးဆဲ နိုင်ငံအတော် များများမှာ ရွေးကောက်ပွဲနဲ့ လွှတ်တော် လုပ်ငန်းစဉ်တွေမှာ ကန့်သတ်ချက် တွေ အတော်များများ ရှိနေကြဆဲဖြစ်ပါတယ် ။ ဂျပန်၊ တောင်ကိုရီးယားနဲ့ အိန္ဒိယတို့မှာ ရင့်ကျက်တဲ့ ဒီမို ကရေစီ စနစ်ရဲ့ နမူနာတွေကို တွေ့ရှိရပေမယ့်လည်း ဒေသတွင်းရှိ အချို့နိုင်ငံတွေမှာတော့ အဖွဲ့အစည်း အချင်းချင်း အကြား ဆက်စပ်မှု၌ အကန့်အသတ် ရှိခြင်းကိစ္စ ၊ စွမ်းဆောင်ရည် အားနည်းခြင်းကိစ္စ ၊ သမိုင်းအစဉ် အလာ အရ အုပ်ချုပ်ရေးပိုင်းနှင့် ဥပဒေပြုရေးအပိုင်းတို့၏ အခြေခံအဆောက်အအုံများ၌ အားနည်းချက်များ ရှိနေခြင်းကိစ္စတို့ကို တွေ့ရှိနေကြရပါတယ်။ ဒါ့ကြောင့် ပြည်သူလူထုရဲ့ယုံကြည်စိတ်ချ မှု ရယူတည်ဆောက်နေရတဲ့

သစ်လွင်တဲ့ ဒီမိုကရေစီနိုင်ငံတိုင်းမှာ နိုင်ငံရေးအရ သည်းခံနိုင်သော ယဉ်ကျေးမှု ဟာ မရှိမဖြစ်လိုအပ် နေရတာဖြစ်ပါတယ်။

(သောကြာနေ့တိုင်းဆက်လက်ဖော်ပြပါမည်)